၇။ ။မည်သူမဆို—

(က) သောက်သုံးသောရေကို အဆိပ်ခပ်လျှင်၊ သို့တည်းမဟုတ် အဆိပ်ဖြစ်စေတတ်သော အမှုကိုပြုလျှင်၊

(ခ) ပြည်ထောင်စုလက်နက်ကိုင် စစ်တပ်အစည်းအရုံးများကပိုင်သော၊ သို့တည်းမဟုတ်ထိုအစည်းအရုံးများသို့ ပေးအပ်ရန်ရည်ရွယ်ထားသော ကိရိယာတန်ဆာပလာကို၊ သို့တည်းမဟုတ် အခြားပစ္စည်းကို အနှောင့်အရှက်ပြုလျှင်၊ ဖျက်ဆီးလျှင်၊ သို့တည်းမဟုတ် အခွင့်မရဘဲအခြားသို့ ရွှေပြောင်းလျှင်

ထိုသူအား ခုနစ်နှစ်အထိ ထောင်ဒဏ်သော်၎င်း၊ ငွေဒဏ်သော်၎င်း၊ နှစ်ရပ်လုံးသော်၎င်း ထိုက်သင့်စေရမည်။

၈။ ။၁၉၄၈ ခုနှစ်၊အရေးပေါ်စီမံမှုတချက်လွှတ်ဥပဒေကို ရုပ်သိမ်းပယ်ဖျက်သည်။

---

# အထူးစုံစမ်းစစ်ဆေးမှုအုပ်ချုပ်ရေးအဖွဲ့နှင့် အထူးစုံစမ်းစစ်ဆေးရေးဌာန အက်ဥပဒေ။

[၁၉၅၁ ခုနှစ်၊ အက်ဥပဒေ အမှတ် ၅၀။] (၁၉၅၁ ခု၊ အောက်တိုဘာလ ၂၇ ရက်။)

အောက်ပါအတိုင်းအက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

## အခန်း ၁။

၁။ ။ဤအက်ဥပဒေကို၊ ၁၉၅၁ ခုနှစ်၊ အထူးစုံစမ်းစစ်ဆေးမှု အုပ်ချုပ်ရေးအဖွဲ့နှင့် အထူးစုံစမ်းစစ်ဆေးရေးဌာန အက်ဥပဒေဟုခေါ်ရမည်။

၂။ ။ဤအက်ဥပဒေတွင် အကြောင်း အရာနှင့် ဖြစ်စေ၊ ရှေ့နောက်စကားတို့၏ အဓိပ္ပါယ်နှင့် ဖြစ်စေ မဆန့်ကျင်လျှင်—

(၁) ''အဖွဲ့''ဆိုသည်မှာ၊ ပုဒ်မ ၃ အရ ဖွဲ့စည်းထားသည့် အထူးစုံစမ်းစစ်ဆေးမှု အုပ်ချုပ်ရေးအဖွဲ့ကိုဆိုလိုသည်။

(၂) ''ဌာန''ဆိုသည်မှာ၊ ပုဒ်မ ၇ အရ ဖွဲ့စည်းထားသည့် အထူးစုံစမ်းစစ်ဆေးရေး ဌာနကိုဆိုလိုသည်။

(၃) ''ပြဋ္ဌာန်းသည်''ဆိုသည်မှာ၊ဤအက်ဥပဒေအရပြုသည့်နည်းဥပဒေများဖြင့်ပြဋ္ဌာန်းသည်ကိုဆိုလိုသည်။

၃။ ။(၁) နိုင်ငံတော်သမတသည်၊ အထူးစုံစမ်းစစ်ဆေးမှု အုပ်ချုပ်ရေးအဖွဲ့ဟု ခေါ်တွင်မည့် အဖွဲ့တခုကို ဖွဲ့စည်းရမည်။ ထိုအဖွဲ့တွင် ဥက္ကဋ္ဌနှင့် အခြားလေးဦးထက်မပိုသော အဖွဲ့ဝင်လူကြီးများ ပါဝင်ရမည်။

(၂) ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၏ အမှုထမ်းစည်းကမ်းများသည်၊ နိုင်ငံတော်သမတကပြဋ္ဌာန်းသည့်အတိုင်းဖြစ်ရမည်။

(၃) (က) ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်လူကြီးအသီးသီးသည်၊ ရာထူးတွင် ခန့်ထားခြင်းခံရသည့်အခါ၊ ဤအက်ဥပဒေ၏ ဇယား ၂ တွင် ဖေါ်ပြထားသည့် ပုံစံအတိုင်း ကျမ်းသစ္စာဆို၍လက်မှတ်ရေးထိုးရမည်။

(ခ) ဥက္ကဋ္ဌသည်၊ ဝန်ကြီးချုပ်ရှေ့တွင် ကျမ်းသစ္စာဆို၍ လက်မှတ်ရေးထိုးရမည်။ အဖွဲ့ဝင်အသီးသီးသည်၊ ဥက္ကဋ္ဌရှေ့တွင် ကျမ်းသစ္စာဆို၍ လက်မှတ်ရေးထိုးရမည်။

(၄) အဖွဲ့၏အစည်းအဝေးများတွင် လိုက်နာရမည့်နည်းလမ်းနှင့် အစည်းအဝေး အထမြောက်ရေးအတွက် လိုအပ်သောအဖွဲ့ဝင်ဦးရေသည်၊ နိုင်ငံတော်သမတကပြဋ္ဌာန်းသည့်အတိုင်း ဖြစ်ရမည်။

(၅) အဖွဲ့ဝင်တဦးဦး၏ ရာထူးလစ်လပ်ခြင်းကြောင့်ဖြစ်စေ၊ အဖွဲ့ဝင်လူကြီးများခန့်ထားရာ၌ ချို့ယွင်းချက် ရှိခြင်းကြောင့်ဖြစ်စေ၊ အဖွဲ့၏ဆောင်ရွက်ချက်များသည် ပျက်ပြယ်ခြင်းမရှိစေရ။

၄။ ။(၁) အဖွဲ့မှာ [အထူးသဖြင့်][1] ၁၉၄၇ ခုနှစ်၊ ပြည်သူ့ပစ္စည်း ကာကွယ်ရေး အက်ဥပဒေ ပုဒ်မ ၂ (၁)တွင် အဓိပ္ပါယ်ဖေါ်ပြထားသည့် ''ပြည်သူ့ပစ္စည်း'' နှင့် စပ်လျဉ်း၍ ပြစ်မှုကျူးလွန်ခြင်းကိုငှင်း၊ ဇယား ၁ တွင် သီးခြားဖေါ်ပြထားသည့် ပြစ်မှုများ ကျူးလွန်ခြင်းကိုငှင်း၊ တားမြစ်ရန် လိုအပ်သည့်အတိုင်း အရေးယူ ဆောင်ရွက်ရမည့် တာဝန်ရှိသည့်ပြင်၊ အဆိုပါပြစ်မှု တခုခုကို စုံစမ်းစစ်ဆေး၍ ပြစ်မှုကျူးလွန်သူများကို တရားစွဲဆိုရန် လိုအပ်သည့်အမိန့်၊ သို့တည်းမဟုတ် ဆင့်ဆိုချက်များ ထုတ်ဆင့်ရမည့် တာဝန်လည်းရှိသည်။

(၂) အဖွဲ့သည်၊ နိုင်ငံတော်သမတ၏ကြီးကြပ်အုပ်ချုပ်ခြင်းကို လိုက်နာလျက်၊ ဌာနကို ကြီးကြပ်အုပ်ချုပ်ရေးနှင့် အရပ်ရပ် စီရင်အုပ်ချုပ်ရေးအတွက် တာဝန်ခံရမည်။

၅။ ။(၁) အခြားတည်ဆဲတရားဥပဒေတခုခုအရ၊ အဖွဲ့အားအပ်နှင်းထားသည့် အာဏာများအပြင်၊ အဖွဲ့မှာ အောက်ပါအာဏာများလည်းရှိရမည်။

(က) ပြည်သူ့ပစ္စည်းနှင့် စပ်လျဉ်း၍ ပြစ်မှုများကျူးလွန်သည့် သတင်းကို၊ သို့တည်းမဟုတ် ဇယား ၁ တွင် သီးခြားဖေါ်ပြထားသည့် ပြစ်မှုတခုခု ကျူးလွန်သည့် သတင်းကို ဌာနသို့ဖြစ်စေ၊ ရဲအဖွဲ့သို့ဖြစ်စေ၊ ပေးပို့နိုင်သည့်၊ သို့တည်းမဟုတ် ပေးပို့စေနိုင်သည့်အာဏာ။

(ခ) အဆိုပါပြစ်မှုတခုခု ကျူးလွန်သည်ဟု သင်္ကာမကင်းဘွယ်ရာ အကြောင်းရှိသည့် ပြည်သူ့ဝန်ထမ်း၏ အမည်ကိုသက်ဆိုင်ရာ ဝန်ကြီးဌာနအား၊ သို့တည်းမဟုတ် အစိုးရဌာနအား၊ သို့တည်းမဟုတ် ဒေသန္တရအာဏာပိုင်အား၊ သို့တည်းမဟုတ် အစိုးရလက်အောက်ခံ အဖွဲ့အား ဖေါ်ပြရန် အာဏာ၊ ထိုဝန်ကြီး ဌာနသည်၊ သို့တည်းမဟုတ် အစိုးရဌာနသည်၊ သို့တည်းမဟုတ် ဒေသန္တရ အာဏာပိုင်သည်၊ သို့တည်းမဟုတ် အစိုးရလက်အောက်ခံအဖွဲ့သည် ထိုပြည်သူ့ဝန်ထမ်းကို တရားစွဲဆိုနိုင်သည့်ပြင်၊ ဌာနဆိုင်ရာ အရေးယူဆောင်ရွက်မှုကိုပြုရမည်။ ထို့ပြင်ထိုသို့စုံစမ်းစစ်ဆေးမှု၊ သို့တည်းမဟုတ် တရားစွဲဆိုမှု မပြီးမပြတ်သေးမီ ထိုပြည်သူ့ဝန်ထမ်းကို ရာထူးမှလည်းခေတ္တချထားနိုင်သည်။

(ဂ) အနိုးခံရဘွယ်ရာ၊ သို့တည်းမဟုတ် ပျက်စီးဘွယ်ရာ၊ သို့တည်းမဟုတ် ဆုံးရှုံးဘွယ်ရာလက္ခဏာရှိသည့် ပြည်သူ့ပစ္စည်းကိုသိုလှောင်ရန်၊ သို့တည်းမဟုတ် ထိန်းသိမ်း စောင့်ရှောက်ရန်၊ သို့တည်းမဟုတ် စီမံခန့်ခွဲရန် အလို့ငှါ၊ အမိန့်တွင် သီးခြားဖေါ်ပြထားသည့်အတိုင်း အရေးယူ ဆောင်ရွက်ရမည်ဟု မည်သူကိုမဆို ဆင့်ဆိုနိုင်သည့်အမိန့် ချမှတ်ရန်အာဏာ၊ ထိုသို့ဆင့်ဆိုခံရသူများသည် အဆိုပါအမိန့်များအတိုင်း ဆောင်ရွက်ရမည်။

---

[1] ၁၉၅၃ ခုနှစ်၊ အက်ဥပဒေအမှတ် ၅ဂ အရ ထည့်သွင်းသည်။

(ဃ) ဤအက်ဥပဒေအရ ပြစ်မှုတခုခုကိုဖြစ်စေ၊ ဇယား ၁ တွင် သီးခြားဖော်ပြထားသည့် ပြစ်မှုများကိုဖြစ်စေ၊ [တည်ဆဲ ဥပဒေများအရ အရေးယူပိုင်သည့် အခြားပြစ်မှုများကိုဖြစ်စေ၊][၁] ကျူးလွန်ခဲ့သည်၊ သို့တည်းမဟုတ် ကျူးလွန်နေသည်ဟု သင်္ကာမကင်းဘွယ်ရာ အကြောင်းရှိသူကို ဖမ်းဆီးရန် လိုအပ်သည်ဟု အဖွဲ့ကယူဆလျှင်၊ ဖမ်းဆီးစေရန်အာဏာ။

(င) ဤအက်ဥပဒေတွင် အခြားနေရာ၌ မည်သို့ပင် ပါရှိစေကာမူ၊ [ဇယား ၁ တွင် သီးခြား ဖော်ပြထားသည့် ပြစ်မှုများနှင့်သော်၎င်း၊ တည်ဆဲ ဥပဒေများအရ အရေးယူပိုင်သည့် အခြားပြစ်မှုများနှင့်သော်၎င်း၊][၂] သက်ဆိုင်သောအမှုကို စုံစမ်းစစ်ဆေး၍ လိုအပ်သည့်အတိုင်းအရေးယူစေခြင်းငှါ ရဲအဖွဲ့သို့လွှဲအပ်ရန် အာဏာ။

(၂) ပုဒ်မခွဲ(၁)၊ အပိုဒ်(က)၊ (ဃ)နှင့် (င)အရ အဖွဲ့ကသုံးစွဲနိုင်သည့်အာဏာကို၊ ဥက္ကဋ္ဌကသော်၎င်း၊ အဖွဲ့ကမိမိ၏ အစည်းအဝေး ဆုံးဖြတ်ချက်ဖြင့် ဤကိစ္စအလို့ငှါ အာဏာအပ်နှင်းထားသည့်အဖွဲ့ဝင်လူကြီးတဦးဦးကသော်၎င်း သုံးစွဲရမည်။

၆။ ။(၁) ဥက္ကဋ္ဌသည်၊ မိမိထံပေးပို့သော သဘင်းမှန် မမှန်သိရှိစိမ့်သောငှါ၊ ဌာနဆိုင်ရာ အရာရှိကိုဖြစ်စေ၊ ရဲအရာရှိကိုဖြစ်စေ၊ ဤကိစ္စအလို့ငှါ မိမိကစာဖြင့်နည်းလမ်းတကျ အာဏာအပ်နှင်းထားသည့် အခြားသူကိုဖြစ်စေ၊ စုံစမ်းစစ်ဆေးရန်အမိန့်ပေးနိုင်သည်။

(၂) ဌာနဆိုင်ရာအရာရှိ၊ သို့တည်းမဟုတ် ရဲအရာရှိမဟုတ်သူကို ပုဒ်မခွဲ(၁)အရ ထိုသို့ အာဏာအပ်နှင်းထားလျှင်၊ ထိုသူသည်၊ ဌာနဆိုင်ရာအရာရှိအား ဤအက်ဥပဒေဖြင့်အပ်နှင်းထားသည့် အာဏာအရပ်ရပ်ကို သုံးစွဲရမည်။ သို့ရာတွင် ထိုသူမှာ ဝါရမ်းစာမပါဘဲ ဖမ်းဆီးနိုင်သည့် အာဏာ မရှိစေရ။

## အခန်း ၂။

၇။ ။(၁) ၁၉၄၅ ခုနှစ်၊ ရဲအဖွဲ့အက်ဥပဒေတွင်သော်၎င်း၊ ရန်ကုန်မြို့ ရဲအဖွဲ့ အက်ဥပဒေတွင် သော်၎င်း၊ မည်သို့ပင်ပါရှိစေကာမူ၊ နိုင်ငံတော်သမတသည်၊ အထူးစုံစမ်း စစ်ဆေးရေး ဌာနကို ဖွဲ့စည်းရမည်။ ထိုဌာနသည်၊ အဖွဲ့၏ ကြီးကြပ်အုပ်ချုပ်ခြင်းကို လိုက်နာလျက်၊ ဤအက်ဥပဒေအရ ပြစ်မှုအရပ်ရပ်ကိုဖြစ်စေ၊ ပြည်သူ့ပစ္စည်းနှင့်စပ်လျဉ်းသည့် ပြစ်မှုကိုဖြစ်စေ၊ ဇယား ၁ တွင် သီးခြား ဖော်ပြထားသည့် ပြစ်မှုကိုဖြစ်စေ၊ [တည်ဆဲ ဥပဒေများအရ အရေးယူပိုင်သည့် အခြားပြစ်မှုများကို ဖြစ်စေ][၁] မြန်မာနိုင်ငံတဝှမ်းလုံးတွင် စုံစမ်းစစ်ဆေးရမည်။

(၂) ဌာနကို၊ နိုင်ငံတော် သမတက အခါအားလျော်စွာ အမိန့်ဖြင့် သတ်မှတ်သည့် နည်းလမ်းအတိုင်း ဖွဲ့စည်း၍၊ ဌာနတွင်ယင်းသို့ သတ်မှတ်ထားသည့် အရေအတွက်ရှိသော ရာထမ်းမှုထမ်းများပါဝင်ရမည်။ ထိုရာထမ်းမှုထမ်းများကို၊ နည်းလမ်းတကျ စာရင်းတင်သွင်း ထားရှိရမည်။ ထိုရာထမ်းမှုထမ်းများသည်နိုင်ငံတော်သမတက သတ်မှတ်သည့်လစာကို ရရှိရမည်။

(၃) ဌာနဆိုင်ရာစီရင်အုပ်ချုပ်မှုကို ဤကိစ္စအလို့ငှါ၊ နိုင်ငံတော်သမတကခန့်ထားသည့် ညွှန်ကြားရေးဝန်က အဖွဲ့၏ ကြီးကြပ်အုပ်ချုပ်ခြင်းကို လိုက်နာလျက်ဆောင်ရွက်ရမည်။

၈။ ။နိုင်ငံတော်သမတသည်၊ ဌာနဆိုင်ရာ စီရင်အုပ်ချုပ်မှုတွင် ညွှန်ကြားရေးဝန်အား ကူညီရန် မိမိသင့်သည် ထင်မြင်သည့် အရေအတွက်ရှိသော ဒုတိယ ညွှန်ကြားရေးဝန်များနှင့်

---

[၁] ၁၉၅၃ ခုနှစ်၊ အက်ဥပဒေအမှတ် ၅၀ အရ ထည့်သွင်းသည်။
[၂] အဆိုပါအက်ဥပဒေအရ အစားထည့်သွင်းသည်။

လက်ထောက်ညွှန်ကြားရေးဝန်များကို ခန့်ထားနိုင်သည်။ အဆိုပါ ဒုတိယ ညွှန်ကြားရေးဝန်များနှင့် လက်ထောက် ညွှန်ကြားရေးဝန်များသည် ညွှန်ကြားရေးဝန်၏ လက်အောက်ခံဖြစ်၍ ညွှန်ကြားရေးဝန်၏ ကြီးကြပ်အုပ်ချုပ်ခြင်းကို ခံရမည့်ပြင်၊ မိမိတို့အား နိုင်ငံတော်သမတက အပ်နှင်းထားသည့် အာဏာများနှင့် တာဝန်ဝတ်တရားများကိုလည်း သုံးစွဲဆောင်ရွက်ရမည်။

၉။ ။(၁) ဒုတိယ ညွှန်ကြားရေးဝန်များနှင့် လက်ထောက် ညွှန်ကြားရေးဝန်များ၏ လက်အောက်တွင် အောက်ပါဌာနဆိုင်ရာ အရာရှိအဆင့်အတန်းများရှိရမည်။

(က) အထက်တန်းစုံစမ်းစစ်ဆေးရေးအရာရှိများ။

(ခ) အောက်တန်းစုံစမ်းစစ်ဆေးရေးအရာရှိများ။

(ဂ) လက်ထောက်စုံစမ်းစစ်ဆေးရေးအရာရှိများ။

(၂) ပုဒ်မခွဲ (၁)တွင် ဖော်ပြထားသည့် အရာရှိအသီးသီးသည်၊ မိမိအထက်က ဆက်သျက်ဖော်ပြထားသည့် အရာရှိအောက် အဆင့်အတန်းနိမ့်ရမည့်ပြင်၊ မိမိအထက်က ဖော်ပြထားသည့်အရာရှိ၏လက်အောက်ခံလည်းဖြစ်ရမည်။

၁၀။ ။နိုင်ငံတော်သမတက၊ ဒုတိယညွှန်ကြားရေးဝန်များနှင့် လက်ထောက်ညွှန်ကြားရေးဝန်များခန့်ထားခြင်း၊ ရာထူးတိုးမြှင့်ပေးခြင်းနှင့် ရွှေပြောင်းခြင်းပြုလုပ်ရမည်။

၁၁။ ။(၁) အဖွဲ့၏ကြီးကြပ်အုပ်ချုပ်ခြင်းကို လိုက်နာ၍ ညွှန်ကြားရေးဝန်က ဌာနဆိုင်ရာလက်အောက်ရာထူး အဆင့်အတန်းများရှိ အရာရှိများခန့်ထားခြင်း၊ ရာထူး တိုးမြှင့်ပေးခြင်းနှင့် ရွှေပြောင်းခြင်းပြုလုပ်ရမည့်ပြင်၊ အဆိုပါ ကြီးကြပ်အုပ်ချုပ်ခြင်းကို လိုက်နာလျက်၊ တာဝန်ဝတ်တရားဆောင်ရွက်ရာတွင် ပျက်ကွက်သည် ဟူ၍သော်၎င်း၊ ပေါ့လျော့သည် ဟူ၍သော်၎င်း၊ တာဝန်ဝတ်တရား ဆောင်ရွက်ရန် မသင့်တော်ဟူ၍ သော်၎င်း၊ မိမိထင်မြင်သော အဆိုပါ အရာရှိတဦးဦးကိုလည်း ရာထူးမှခေတ္တချထားခြင်း၊ သို့တည်းမဟုတ်လျော့ချခြင်း၊ သို့တည်းမဟုတ် ထုတ်ပယ်ခြင်း၊ သို့တည်းမဟုတ် အမြဲတမ်းထုတ်ပယ်ခြင်း ပြုနိုင်သည်။ သို့တည်းမဟုတ် တာဝန်ဝတ်တရားကို မလေးစားသည့်၊ သို့တည်းမဟုတ် ပေါ့ပေါ့ဆဆဆောင်ရွက်သည့်၊ သို့တည်းမဟုတ် မိမိ၏ပယောဂကြောင့်တာဝန်ဝတ်တရားဆောင်ရွက်ရန် မသင့်တော်အောင်ဖြစ်ရသည့် အရာရှိအား ပုဒ်မခွဲ (၂) အရ ပြုလုပ်သည့် နည်းဥပဒေများဖြင့် ပြဋ္ဌာန်းထားသော ပြစ်ဒဏ်တခုခုကိုဖြစ်စေ၊ တခုထက်ပိုသော ပြစ်ဒဏ်များကိုဖြစ်စေပေးနိုင်သည်။

(၂) နိုင်ငံတော်သမတ၏ သဘောတူညီချက်ကို ကြိုတင်ရယူ၍ ညွှန်ကြားရေးဝန်သည်၊ အောက်ပါကိစ္စများအတွက် နည်းဥပဒေများပြုလုပ်နိုင်သည်။

(က) ဌာနဆိုင်ရာ လက်အောက်ရာထူးအဆင့်အတန်းများရှိ အရာရှိအား ပုဒ်မခွဲ (၁) အရ ပေးနိုင်သည့်ပြစ်ဒဏ်များ ပြဋ္ဌာန်းရန်ကိစ္စ။

(ခ) ပြဋ္ဌာန်းသည့် ရာထူးအဆင့်အတန်း၊ သို့တည်းမဟုတ် အဆင့်အတန်းများရှိ အရာရှိများနှင့် ပတ်သက်၍ ပုဒ်မခွဲ (၁) အရ မိမိ၏ အာဏာများကို အထက်တန်း စုံစမ်းစစ်ဆေးရေးအရာရှိအောက် ရာထူးမနိမ့်သော အရာရှိတဦးဦးအား လွှဲအပ်ရန်ကိစ္စ။

၁၂။ ။ဤအက်ဥပဒေအရ ခန့်ထားသည့် ဌာနဆိုင်ရာ အရာရှိအသီးသီးသည်၊ ဇယား ၃ တွင်ဖော်ပြထားသည့်ပုံစံအတိုင်း ကျမ်းသစ္စာဆို၍ လက်မှတ်ရေးထိုးရမည့်ပြင်၊ မိမိအားရာထူးခန့်ထားသည့်အခါ၊ ဇယား ၄ တွင်ဖော်ပြထားသည့်ပုံစံဖြင့် အစိုးရတံဆိပ်ခတ်နှိပ်ထားသော တာဝန်ခံလက်မှတ်ကိုလည်း ရရှိရမည်။ ထိုသို့တာဝန်ခံလက်မှတ်ရသူသည်၊ ဌာနဆိုင်ရာအရာရှိ၏အာဏာ

များ၊အလုပ်ဝတ်တရားများနှင့် အထူးအခွင့်အရေးများ ရရှိသူဖြစ်ရမည်။ မည်သည့်အခါမဆို၊အဆိုပါ တာဝန်ခံ လက်မှတ်တွင်အမည်ဖော်ပြထားသူသည်၊ အကြောင်းတခုခုကြောင့် ဌာနဆိုင်ရာအရာရှိ အဖြစ်မှရပ်စဲသွားလျှင်၊ ထိုတာဝန်ခံလက်မှတ်သည်ပျက်ပြယ်ရမည်။

၁၃။ ။ဌာနဆိုင်ရာအရာရှိအဖြစ်မှ ရပ်စဲသွားသူအသီးသီးသည်၊ ပုဒ်မ ၁၂ အရ၊ မိမိအား ပေးအပ်ထားသည့် တာဝန်ခံလက်မှတ်ကိုင်း၊မိမိ၏တာဝန် ဝတ်တရားဆောင်ရွက်ရန်အလို့ငှါ၊ မိမိအားပေးထားသော အဝတ်တန်းဆာများ၊ အသုံးအဆောင်များနှင့် အခြားပစ္စည်းများကိုင်း၊ ညွှန်ကြားရေးဝန်အား ချက်ခြင်းပေးအပ်ရမည်၊ သို့တည်းမဟုတ် ဤကိစ္စအလို့ငှါ ညွှန်ကြားရေးဝန်က ခန့်ထားသည့်အခြားအရာရှိအား ချက်ခြင်းပေးအပ်ရမည်။

၁၄။ ။ဌာနဆိုင်ရာအရာရှိသည်၊ မိမိအားရာထူးမှခေတ္တချထားသည့် အကြောင်းကြောင့်၊ ဌာနဆိုင်ရာအရာရှိအဖြစ်မှ ရပ်စဲခြင်းမရှိစေရ။ မိမိအားဌာနဆိုင်ရာအရာရှိအဖြစ်ဖြင့်အပ်နှင်းထားသော အာဏာများ၊ အလုပ်ဝတ်တရားများနှင့် အထူးအခွင့်အရေးများသည်၊ ထိုသို့ရာထူးမှခေတ္တချထားသည့် ကာလအပိုင်းအခြားအတွင်း၊ ခေတ္တရပ်စဲ၍နေရမည်ဖြစ်သော်လည်း၊ ထိုအရာရှိသည်၊ မိမိအား ရာထူးမှ ခေတ္တချထားခြင်းမရှိသကဲ့သို့ပင် တာဝန်များနှင့် စည်းကမ်းသေဝပ်မှုရှိမြဲအတိုင်း ရှိရမည့်ပြင် ပြစ်ဒဏ်များကိုလည်းခံထိုက်ရမည်။

၁၅။ ။(၁) ဌာနဆိုင်ရာမည်သည့် အရာရှိမှာမျှ မိမိ၏ရာထူးနှင့်သက်ဆိုင်သော တာဝန် ဝတ်တရားများကို မဆောင်ရွက်ဘဲနေရန် မိမိအားနိုင်ငံတော်သမတက အတည့်အလင်းခွင့်မပြုလျှင်၊ သို့တည်းမဟုတ် ထိုသို့နေနိုင်ခွင့်ပြုရန် နိုင်ငံတော်သမတက အာဏာအပ်နှင်းထားသည့် အခြားအရာရှိကအတည့်အလင်းခွင့်မပြုလျှင်၊ ထိုတာဝန်ဝတ်တရားများကို မဆောင်ရွက်ဘဲနေနိုင်ခွင့်မရှိစေရ၊ သို့တည်းမဟုတ် မိမိသည်ဌာနတွင် အနည်းဆုံးနှစ်နှစ်မျှ ဆက်လက်၍အမှုမထမ်းရွက်ရသေးလျှင်ငင်း၊ မိမိ၏ရာထူးမှနုတ်ထွက်လိုကြောင်းဖြင့်၊ သုံးလထက်မနည်း ကြိုတင်၍နိုင်ငံတော်သမတထံ စာဖြင့် အကြောင်းကြားမထားလျှင်ငင်း၊ နိုင်ငံတော်သမတ၊ သို့တည်းမဟုတ် အဆိုပါအာဏာအပ်နှင်းထားသည့်အရာရှိ၏အခွင့်မရဘဲ၊ မိမိ၏ရာထူးမှနုတ်ထွက်ခွင့်မရှိစေရ။

(၂) ဌာနဆိုင်ရာ မည်သည့်အရာရှိမှာမျှ၊ ဤ အက်ဥပဒေအရမိမိ၏တာဝန်ဝတ်တရားများ မှတပါး အခြားမည်သည့်အလုပ်၊ သို့တည်းမဟုတ် ရာထူးတွင်မျှ နိုင်ငံတော်သမတက စာဖြင့်ရေးသား၍ အတည့်အလင်း လုပ်ခွင့်မပြုလျှင် မလုပ်ရ။

၁၆။ ။ညွှန်ကြားရေးဝန်သည်၊ ဌာနဆိုင်ရာအရာရှိများဖွဲ့စုရေး၊ အတန်းအစားခွဲခြားရေး နေရာချထားရေးနှင့်ငင်း၊ ဌာနဆိုင်ရာ ရာထမ်း မှုထမ်းများ နေထိုင်ရမည့်အရပ်ဒေသများနှင့်ငင်း ထိုရာထမ်း မှုထမ်းများ ဆောင်ရွက်ရမည့် သီးခြားအမှုကိစ္စများနှင့်ငင်း၊ ထိုရာထမ်းမှုထမ်းများကို စစ်ဆေး ကြည့်ရှုခြင်းနှင့်ငင်း၊ ထိုရာထမ်းမှုထမ်းများအားပေးရမည့် လက်နက်တန်းဆာနှင့် အခြား လိုအပ်သည့် အရာဝတ္ထုမျိုးမည်နှင့်ငင်း၊ ထိုရာထမ်းမှုထမ်းများက သတင်းစုံဆောင်းပေးပို့ခြင်းနှင့် ငင်း၊ စပ်လျဉ်း၍ မိမိသင့်သည်ထင်မြင်သည့် အမိန့်များနှင့် နည်းဥပဒေများ၊ ထို့ပြင်တာဝန်ဝတ်တရား အလွဲသုံးစားမှု၊ သို့တည်းမဟုတ်ပေါ့လျော့မှုကို တားမြစ်ရန်နှင့် ဌာနက မိမိတာဝန်ဝတ်တရားများကို ကျေပွန်စွာဆောင်ရွက်နိုင်ရန်အလို့ငှါ အခါအားလျော်စွာ မိမိသင့်သည် ထင်မြင်သည့် ဌာနဆိုင်ရာ အခြားအမိန့်နှင့် နည်းဥပဒေများကို နိုင်ငံတော်သမတ၏ သဘောတူညီချက်ဖြင့် အခါအားလျော်စွာ ပြုနိုင်သည်။

၁၇။ ။ဤကိစ္စအလို့ငှါ နိုင်ငံတော်သမတချမှတ်သည့်အမိန့်နှင့် မဆန့်ကျင်စေဘဲ ဌာနဆိုင်ရာ အရာရှိများမှာ ပြည်ထောင်စု မြန်မာနိုင်ငံ တဝှန်းလုံးတွင်၊ ၁၉၄၅ ခုနှစ်၊ ရဲအဖွဲ့အက်ဥပဒေ ပုဒ်မ ၁၆၊ ၁၇၊ ၁၈၊ ၁၉ နှင့် ၂၀ အရင်း၊ရန်ကုန်မြို့မခရိုင်တွင်၊ရန်ကုန်မြို့ရဲအဖွဲ့အက်ဥပဒေပုဒ်မ ၁၅ နှင့်

၁၆ အရင်း၊ ရဲအရာရှိများအားအပ်နှင်းထားသည့် အာဏာနှင့် တာဝန် ဝတ်တရားအားလုံးကို ရရှိရမည့်ပြင်၊ [ပုဒ်မ ၇၊ ပုဒ်မခွဲ (၁)[1] တွင် ဖော်ပြထားသောပြစ်မှုများကို][1] စုံစမ်းစစ်ဆေး၍ အဆိုပါပြစ်မှုများကျူးလွန်ခဲ့သည်၊ သို့တည်းမဟုတ် ကျူးလွန်နေသည်ဟု သက်သေမကင်းဘွယ်ရာ အကြောင်းရှိသူများကိုဖမ်းဆီးရန်အလို့ငှါ၊ ပြည်ထောင်စုအဘွင်းကျူးလွန်သည့် ပြစ်မှုများ စုံစမ်း စစ်ဆေးခြင်းနှင့်စပ်လျဉ်း၍၊ ရာဇဝတ်ကျင့်ထုံးဥပဒေအရ၊ သို့တည်းမဟုတ် အခြားတည်ဆဲတရား ဥပဒေအရ၊ ပြည်ထောင်စု ရဲအရာရှိများရရှိသော အာဏာ၊ တာဝန်ဝတ်တရားနှင့် အထူးအခွင့် အရေး အားလုံးကိုလည်း ရရှိရမည်။ ထို့ပြင် ထိုရဲအရာရှိများခံယူရမည့်တာဝန်ကိုလည်းခံယူရမည်။

## အခန်း ၃။

၁၈။ ။ဤအက်ဥပဒေအရ၊ ဌာနဆိုင်ရာ အရာရှိအဖြစ်မှ ရပ်စဲသွားသူအသီးသီးသည်၊ ပုဒ်မ ၁၂ အရ၊ မိမိအားပေးအပ်ထားသော တာဝန်ခံလက်မှတ်ကိုရင်း၊ မိမိ၏တာဝန်ဝတ်တရားကို ဆောင်ရွက်ရန်အလို့ငှါ၊ မိမိအားပေးထားသော အဝတ်တန်းဆာများ၊ အသုံးအဆောင်များနှင့်အခြား ပစ္စည်းများကိုရင်း၊ ချက်ခြင်းပေးအပ်ရန်ပျက်ကွက်လျှင်၊ တထောင်ထက်မပိုသည့် ငွေဒဏ်ဖြစ်စေ၊ တနှစ်ထိထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်။

၁၉။ ။ဌာနဆိုင်ရာမည်သည့်အရာရှိမဆို၊ အောက်ပါပြစ်မှုများကို ကျူးလွန်လျှင်၊ တနှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ခြောက်လအတွက် လစာထက်မပိုသည့် ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်။

(က) ပုဒ်မ ၁၅၊ပုဒ်မခွဲ (၁)ပါ ပြဋ္ဌာန်းချက်များကို ဆန့်ကျင်၍ မိမိ၏ပြောထူးနှင့် သက်ဆိုင်သော တာဝန်ဝတ်တရားကိုမဆောင်ရွက်ဘဲနေသည့်ပြစ်မှု၊

(ခ) ပုဒ်မ ၁၅၊ ပုဒ်မခွဲ (၂)ပါ ပြဋ္ဌာန်းချက်များကို ဆန့်ကျင်၍ မည်သည့်အလုပ် တွင်မဆို၊ သို့တည်းမဟုတ် မည်သည့်ရာထူးတွင်မဆို လုပ်သည့်ပြစ်မှု၊

(ဂ) ခွင့်ရက်နှင့်နေ၍ ထိုခွင့်ရက်ကုန်ဆုံးသည့်အခါ၊ အလုပ်ခွင်သို့ လာရောက်ရန် သင့်လျော်သောအကြောင်းမရှိဘဲ ပျက်ကွက်သည့်ပြစ်မှု၊

(ဃ) တာဝန်ဝတ်တရား ပျက်ပြားသည့်ပြစ်မှု၊ သို့တည်းမဟုတ်အခွင့်အာဏာရှိသူက ပြုသည့် နည်းဥပဒေ၊ သို့တည်းမဟုတ် ချမှတ်သည့်အမိန့်ကို တမင်သက်သက် ဖောက်ဖျက်သည့်၊ သို့တည်းမဟုတ် အလေးမမူဂရုမစိုက်သည့်ပြစ်မှု၊

(င) သူရဲသတ္တိကင်းမဲ့စွာပြုသည့်ပြစ်မှု၊ သို့တည်းမဟုတ်

(စ) အချုပ်ခံနေရသူတဦးတယောက်ကိုမတရားထိခိုက်နာကျင်အောင် ပြုသည့်ပြစ်မှု။

၂၀။ ။(၁) မည်သူမဆို၊မိမိအတွက်သော်ရင်း၊ သူတပါးအတွက်သော်ရင်း၊ ဌာနဆိုင် ရာ အရာရှိရာထူးရရှိအောင်၊ သို့တည်းမဟုတ် ထိုရာထူးမှ ထွက်ခွင့်ရအောင် သိလျက်နှင့် မဟုတ်မမှန် ထွက်ဆိုလျှင်၊ သို့တည်းမဟုတ် မဟုတ်မမှန်သော စာချုပ်စာတမ်းကို အသုံးပြုလျှင်၊ ထိုသူသည် သုံးနှစ်ထိထောင်ဒဏ်ဖြစ်စေ၊ တသောင်းထက်မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်း ခံရမည်။

(၂) ရာဇသတ်ကြီး ဥပဒေတွင် မည်သို့ပင် ပါရှိစေကာမူ၊ မည်သူမဆိုဌာနတွင် ရာထူး တခုခု၌ မိမိခထမ်းမရွက်ကြောင်း သိလျက်နှင့် ထိုရာထူး၌ ထမ်းရွက်ဟန်ဆောင်လျက်၊ သို့တည်းမဟုတ် ဌာနတွင်ရာထူးတခုခု၌ ထမ်းရွက်နေသော သူယောင်ဆောင်လျက်၊ ဌာနဆိုင်ရာအရာရှိဟန်ဆောင်

[1] ၁၉၅၃ ခုနှစ်၊ အက်ဥပဒေအမှတ် ၅၈ အရ အစားထည့်သွင်းသည်။

အနေနှင့် ထိုရာထူးနှင့်စပ်သျှဉ်း၍ ပြုလုပ်မှုတခုခုကိုပြုလျှင်၊ သို့တည်းမဟုတ် ထိုသို့ပြုလုပ်ရန် အားထုတ်လျှင်၊ ထိုသူသည်သုံးနှစ်ထိထောင်ဒဏ်စီရင်ခြင်းခံရမည့်ပြင် တထောင်ထက်မပိုသော ငွေဒဏ်စီရင်ခြင်းကိုလည်း ခံရမည်။

(၃) ရာဇသတ်ကြီးဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ၊ မည်သူမဆို၊ ဌာနဆိုင်ရာ အရာရှိမဟုတ်ဘဲလျက်၊ ထိုဌာနဆိုင်ရာ အရာရှိဖြစ်ကြောင်း၊သူတပါးယုံကြည်စေရန် ကြံရွယ်ချက်နှင့်ဖြစ်စေ၊ သူတပါးယုံကြည်စေတန်ရာသည်ကို သိလျက်နှင့်ဖြစ်စေ၊ ထိုဌာနဆိုင်ရာအရာရှိဝတ်ဆင် ကိုင်ဆောင်သော အဝတ်တန်းဆာနှင့်၊ သို့တည်းမဟုတ် အမှတ်အသားနှင့် သဏ္ဍာန်တူသော အဝတ်တန်းဆာကို ဝတ်ဆင်လျှင်၊ သို့တည်းမဟုတ် အမှတ်အသားကိုကိုင်ဆောင်လျှင်၊ ထိုသူသည် တနှစ်ထိထောင်ဒဏ်ဖြစ်စေ၊ တထောင်ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်။

(၄) မြန်မာနိုင်ငံအစိုးရ၏ လျှို့ဝှက်သည့်ကိစ္စဆိုင်ရာ အက်ဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ၊ အစိုးရလက်အောက်တွင်ရာထူး လက်ရှိဖြစ်သူတဦးတယောက်က ယုံမှတ်၍အပ်နှံထားသည့်၊ သို့တည်းမဟုတ် ဌာနဆိုင်ရာအရာရှိအဖြစ်ဖြင့်ရရှိသည့်၊ သို့ဘည်းမဟုတ် သိရှိနိုင်သည့် လျှို့ဝှက်အပ်သောအစိုးရဆိုင်ရာစကားဝှက်နည်း၊သို့တည်းမဟုတ် ဝင်ထွက်နိုင်ခွင့်စကားဝှက်ကိုဖြစ်စေ၊အကြမ်းပုံ၊ နယ်ပုံ၊ ပုံစံ၊ ရေးသားချက်၊ မှတ်ချက်၊ စာမှတ်၊စာတမ်း၊သို့တည်းမဟုတ် အကြောင်းအရာကို ဖြစ်စေ လက်ဝယ်ထားရှိ ထိန်းသိမ်းရသည့် ဥက္ကဋ္ဌ၊ သို့တည်းမဟုတ် အဖွဲ့ဝင်၊ သို့တည်းမဟုတ် ဌာနဆိုင်ရာ အရာရှိတဦးဦးသည်——

(က) မိမိပြောကြားခွင့် ရသူအားမှ တပါး၊အခြားသူတဦးတယောက်အား ထိုစကားဝှက်နည်း၊သို့တည်းမဟုတ် ဝင်ထွက်နိုင်ခွင့်စကားဝှက်ကိုဖြစ်စေ၊ ထိုအကြမ်းပုံ၊ နယ်ပုံ၊ ပုံစံ၊ ရေးသားချက်၊မှတ်ချက်၊ စာချုပ် စာတမ်း၊ သို့တည်းမဟုတ် အကြောင်းအရာကိုဖြစ်စေ၊ တမင်ပြောကြားလျှင်၊ သို့တည်းမဟုတ်

(ခ) မိမိလက်ဝယ် ထားရှိထိန်းသိမ်းရသည့် အကြမ်းပုံ၊ နယ်ပုံ၊ ပုံစံ၊ ရေးသားချက်၊ မှတ်ချက်၊ သို့တည်းမဟုတ် စာချုပ် စာတမ်းကို ဆက်လက်ထားရှိခွင့်မရဘဲ တမင်ဆက်လက်ထားရှိလျှင်၊ သို့တည်းမဟုတ် အဆိုပါအကြမ်းပုံ စသည်တို့ကို ပြန်အပ်ရန်၊ သို့တည်းမဟုတ် စီမံခန့်ခွဲရန်၊ အာဏာပိုင်ကထုတ်ဆင့်သည့် အမိန့်တရပ်ရပ်ကို တမင်မလိုက်နာဘဲနေလျှင်၊ သို့တည်းမဟုတ်

(ဂ) အကြမ်းပုံ၊ နယ်ပုံ၊ပုံစံ၊ ရေးသားချက်၊ မှတ်ချက်၊ စာချုပ် စာတမ်း၊လျှို့ဝှက်အပ်သောအစိုးရဆိုင်ရာ စကားဝှက်နည်း၊ သို့တည်းမဟုတ် ဝင်ထွက်နိုင်ခွင့် စကားဝှက်၊ သို့တည်းမဟုတ် အကြောင်းအရာကို၊ ထိုက်သည့်အားလျော်စွာ အလေးဂရုမပြုဘဲ တမင်နေလျှင်၊ သို့တည်းမဟုတ် မပေါက်ကြား မပျက်စီးအောင် ဆောင်ရွက်ရန် ပျက်ကွက်လျှင်

ထိုသူသည် သုံးနှစ်ထိ ထောင်ဒဏ်စီရင်ခြင်းခံရမည့်ပြင် တထောင်ထက်မပိုသောငွေဒဏ် စီရင်ခြင်းကိုလည်းခံရမည်။

## အခန်း ၄။

၂၁။ ။(၁) တည်ဆဲတရားဥပဒေတခုခုတွင် မည်သို့ပင်ပါရှိစေကာမူ၊ နိုင်ငံတော် သမ္မတသည်၊ အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဇယား ၁ တွင် သီးခြားဖော်ပြထားသည့် ပြစ်မှုများကိုဖြစ်စေ၊ ဤအက်ဥပဒေအရ ပြစ်မှုများကိုဖြစ်စေ စစ်ဆေးစီရင်ရန် အထူးတရားသူကြီး ခန့်ထားနိုင်သည့်ပြင်၊ ထိုအထူးတရားသူကြီးရုံးထိုင်ရမည့်နေရာကိုလည်း သတ်မှတ်နိုင်သည်။

သို့ရာတွင် ပြည်ထောင်စုနိုင်ငံတော်သမတက၊ ရုံးထိုင်ရန်နေရာသတ်မှတ်သည့်အမိန့် ထုတ်ဆင့်ခြင်းမရှိလျှင်၊ အထူးတရားသူကြီးသည်၊ရုံးထိုင်မည့်နေရာကို မိမိကိုယ်တိုင်သတ်မှတ်နိုင်သည်။

(၂) နိုင်ငံတော်သမတသည်၊အထူး၊ သို့တည်းမဟုတ် သာမန်အမိန့်ဖြင့် ဇယား ၁ တွင် သီးခြားဖော်ပြထားသည့် ပြစ်မှုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မည်သည့်တရားရုံး၌မဆို မပြီးပြတ်သေးသည့်အမှုကို အမိန့်တွင် သီးခြားဖော်ပြထားသည့် အထူး တရားသူကြီးရုံးသို့ လွှဲပြောင်းရန် ဆင့်ဆိုနိုင်သည်။

(၃) မည်သူမဆို စက်ရှင်တရားသူကြီးအဖြစ်ဖြင့် အနည်းဆုံး တနှစ်မျှ အမှုထမ်းရွက်၍ စက်ရှင်တရားသူကြီး၏ အာဏာများကို သုံးစွဲဘူးသူဖြစ်လျှင်၊ သို့တည်းမဟုတ် ခရိုင်ရာဇဝတ် တရားသူကြီး၏အာဏာကို အနည်းဆုံးတနှစ်မျှသုံးစွဲဘူးသူဖြစ်လျှင်၊ သို့တည်းမဟုတ် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၀ အရ၊ အာဏာများအပ်နှင်းထားသည့် ပဌမတန်း ရာဇဝတ်တရားသူကြီးဖြစ်ဘူးလျှင်၊ ထိုသူကို ပုဒ်မခွဲ (၁) အရ၊ အထူးတရားသူကြီးအဖြစ် ခန့်ထားနိုင်သည်။

သို့ရာတွင် နိုင်ငံတော်သမတက အမိန့်စာဖြင့် သီးခြားဖော်ပြထားသည့် အချပ်ဒေသများ၌ ပဌမတန်းရာဇဝတ်တရားသူကြီး၏ အာဏာအနည်းဆုံးတနှစ်မျှ သုံးစွဲဘူးသူကို အထူးတရားသူကြီးအဖြစ် ခန့်ထားနိုင်သည်။

[1](၃-က) ပုဒ်မခွဲ (၁) အရ နိုင်ငံတော်သမတက၊ ခန့်ထားသည့်အထူးတရားသူကြီးသည်၊ ဇယား ၁ တွင် သီးခြားဖော်ပြထားသည့် ပြစ်မှုများနှင့် ဤအက်ဥပဒေအရ ပြစ်မှုများသာမက၊ စက်ရှင်တရားသူကြီး၏ အာဏာကိုသုံးစွဲလျက် တည်ဆဲဥပဒေများအရ ပြစ်ဒဏ်ထိုက်သင့်သည့် အခြားပြစ်မှုများကိုလည်း စစ်ဆေးစီရင်နိုင်ရမည့်ပြင် ဆိုင်ရာဥပဒေများတွင် သတ်မှတ်ထားသော ပြစ်ဒဏ်များကိုလည်း စီရင်နိုင်ရမည်။

(၄) နိုင်ငံတော်သမတက အခြားအမိန့်ထုတ်ပြန်လျှင်၊ ဤအက်ဥပဒေအရပြစ်မှုများကို စစ်ဆေးစီရင်ပိုင်ခွင့်ရှိသည့် တရားရုံးများ၏နယ်နိမိတ်အတွင်း ကျူးလွန်လျှင်၊ ထိုတရားရုံးများက စစ်ဆေးစီရင်ရမည်။

(၅) မည်သူမဆို၊ ဤအက်ဥပဒေအရ ခန့်ထားသည့်အထူးတရားသူကြီးက စစ်ဆေး၍ ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်၊ တရားလွှတ်တော်သို့အယူခံနိုင်သည်။

သို့ရာတွင် ထိုသူကို စက်ရှင်တရားရုံးက ပြစ်မှုထင်ရှားစီရင်ဘိသကဲ့သို့၊ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၁၂ နှင့် ၄၁၃ ပါ ပြဋ္ဌာန်းချက်များသည် ထိုအယူခံမှုများနှင့် သက်ဆိုင်ရမည်။

(၆) ဤအက်ဥပဒေအရ ခန့်ထားသည့်အထူးတရားသူကြီးက စစ်ဆေးစီရင်သည့်အမှုများကို တရားလွှတ်တော်ကပြင်ဆင်နိုင်သည်။ ထိုပြင်ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၃၅ အစမှ ၄၄၂ အဆုံးထိ ပုဒ်မများပါပြဋ္ဌာန်းချက်များသည် အဆိုပါပြင်ဆင်မှုများနှင့် သက်ဆိုင်ရမည်။

၂၂။ ။ဤအက်ဥပဒေအရခန့်ထားသည့် အထူးတရားသူကြီး၏ရုံး၌ မပြီးပြတ်သေးသည့် အမှုကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၂၆ အရ၊ လွှဲပြောင်းရန် တရားလွှတ်တော်သို့ လျှောက်ထားနိုင်သည်။ ထိုအမှုကိုလွှဲပြောင်းသင့်သည်ဟု တရားလွှတ်တော်ကယူဆလျှင်၊ ထိုသို့လွှဲပြောင်းသင့်ကြောင်းဖြင့် နိုင်ငံတော်သမတထံ အစီရင်ခံရမည်။ အဆိုပါအစီရင်ခံစာအရ နိုင်ငံတော်သမတက အခြားအထူးတရားသူကြီးတဦးကိုခန့်ထား၍၊ အမှုကို ထိုအထူးတရားသူကြီးထံသို့ လွှဲပြောင်းရမည်။

---

[1] ၁၉၅၃ ခုနှစ်၊ အက်ဥပဒေအမှတ် ၅၀ အရ ထည့်သွင်းသည်။

၂၃။ ။ဤအက်ဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ၊ အဖွဲ့နှင့်ဌာနဆိုင်ရာအရာရှိများသည်၊ တည်ဆဲတရားဥပဒေတခုခုအရ ပြည်သူ့ပစ္စည်း ကာကွယ်စောင့်ရှောက်ရေးကော်မီတီနှင့် ပြည်သူ့ပစ္စည်းကာကွယ်စောင့်ရှောက်ရေးရဲအဖွဲ့ဝင် ရာထမ်းမှုထမ်းများ ဆိုင်သင့်ရာရာက သုံးစွဲဆောင်ရွက်ခဲ့သည့် အာဏာများနှင့် တာဝန်ဝတ်တရားများကို ဆိုင်ရာဆိုင်ရာသုံးစွဲဆောင်ရွက်ရမည်။ ထို့ပြင် အဆိုပါကော်မီတီက၊ သို့တည်းမဟုတ် အဆိုပါရဲအဖွဲ့ကစွဲဆိုသည့်၊ သို့တည်းမဟုတ် စုံစမ်းစစ်ဆေးသည့်အမှုကို အဖွဲ့၊ သို့တည်းမဟုတ် ဌာနဆိုင်ရာအရာရှိများ ဆိုင်သင့်ရာရာက ဆက်လက်စွဲဆိုရမည်၊ သို့တည်းမဟုတ် ဆက်လက်စုံစမ်းစစ်ဆေးရမည်။

၂၄။ ။နိုင်ငံတော်သမတသည်၊ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ဇယား ၁ ပါ မည်သည့်ပြဋ္ဌာန်းချက်ကိုမဆို ပြောင်းခြင်းဖြင့်သော်၎င်း၊ ဖြည့်ထည့်ခြင်းဖြင့် သော်၎င်း၊ ရုပ်သိမ်းခြင်းဖြင့်သော်၎င်း၊ ပြင်နိုင်သည်။ ထိုပြင်ချက်သည် ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်ဖြစ်ဘိသကဲ့သို့ အာဏာတည်ရမည်။

၂၅။ ။(၁) ဤအက်ဥပဒေအရ သဘောရိုးဖြင့် ဆောင်ရွက်သည့်၊ သို့တည်းမဟုတ် ဆောင်ရွက်ရန် ကြံရွယ်သည့်ကိစ္စအတွက် မည်သူ့ကိုမျှ တရားမမှုဖြစ်စေ၊ ရာဇဝတ်မှုဖြစ်စေ၊ အခြားတရားမှုခင်းဖြစ်စေ မစွဲဆိုရ။

(၂) ဤအက်ဥပဒေအရဆောင်ရွက်သည့်၊ သို့တည်းမဟုတ် ဆောင်ရွက်ရန်ကြံရွယ်သည့် ကိစ္စကြောင့် ဖြစ်သည့်၊ သို့တည်း မဟုတ် ဖြစ်ရန် အကြောင်း ရှိသည့် ပျက်စီး နစ်နာမှု အတွက် ပြည်ထောင်စု မြန်မာနိုင်ငံအား တရားမမှုဖြစ်စေ၊ အခြားမှုခင်းဖြစ်စေ မစွဲဆိုရ။

၂၆။ ။(၁) နိုင်ငံတော်သမတသည်၊ အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များ အတိုင်း ဆောင်ရွက်ရန်၊ ဤအက်ဥပဒေနှင့် မဆန့်ကျင်သည့် နည်းဥပဒေများ [၁] ကို ပြုနိုင်သည်။

(၂) အထက်ပါအာဏာများ၏ ယေဘုယျသဘောကိုမထိခိုက်စေဘဲ၊ အဆိုပါနည်းဥပဒေများသည် [၂] အထူးသဖြင့်—

(က) ဌာနဆိုင်ရာအရာရှိများ၏ အပြုအမူနှင့်စပ်လျဉ်းသည့် စုံစမ်းစစ်ဆေးမှုများတွင် လိုက်နာရမည့်နည်းလမ်းကို ပြဋ္ဌာန်းနိုင်သည်၊ ထို့ပြင်

(ခ) ဌာနဆိုင်ရာအရာရှိက၊ မိမိနစ်နာစေရန်ချမှတ်သည့်အမိန့်ကို မည်သည့်အမှုမျိုးတွင် မည်သည့်အာဏာပိုင်များထံ အယူခံဝင်ခွင့်ရှိရမည်ဟုပြဋ္ဌာန်းနိုင်သည်။

သို့ရာတွင် အဆိုပါအရာရှိမှာ အမိန့်တခုကို တကြိမ်ထက်ပို၍အယူခံဝင်ခွင့်မရှိစေရ။

## ဇယား ၁။

(ပုဒ်မ ၄၊ ၅၊ ၇၊ ၁၇၊ ၂၁ နှင့် ၂၄ ကိုကြည့်။)

(က) ၁၉၄၇ ခုနှစ်၊ ပြည်သူ့ ပစ္စည်း ကာကွယ်ရေးအက်ဥပဒေ (Public Property Protection Act, 1947) ပုဒ်မ ၆၊ (၁) အရ ပြစ်မှုများ။

(ခ) ၁၉၄၈ ခုနှစ်၊ အဂတိလိုက်စားမှုတားမြစ်ရေး အက်ဥပဒေ ပုဒ်မ ၄ (၂)၊ အရ ပြစ်မှုများ။

---

[၁] ၁၉၅၂ ခုနှစ်၊ အထူးစုံစမ်းစစ်ဆေးမှု အုပ်ချုပ်ရေးအဖွဲ့ (လုပ်ငန်းဆောင်ရွက်မှု) နည်းဥပဒေများကို မြန်မာနိုင်ငံပြန်တမ်း၊ ၁၉၅၂ ခု၊ အပိုင်း ၁၊ စာမျက်နှာ ၅၀၂ တွင် ထုတ်ပြန်ကျေညာသည်။

[၂] ဤသို့သောနည်းဥပဒေများကို မြန်မာနိုင်ငံပြန်တမ်း၊ ၁၉၅၂ ခု၊ အပိုင်း ၁၊ စာမျက်နှာ ၄၁၃ တွင် ထုတ်ပြန်ကျေညာသည်။

(ဂ) ၁၉၄၇ ခုနှစ်၊ နိုင်ငံခြားငွေလဲလှယ်မှု စည်းမျဉ်းသတ်မှတ်ရေးအက်ဥပဒေ ( Foreign Exchange Regulation Act, 1947) ပုဒ်မ ၂၄ အရ ပြစ်မှုများ။

(ဃ) ၁၉၄၇ ခုနှစ်၊ အရေးကြီးသော ကုန်စည်ပစ္စည်းများနှင့် ဆောင်ရွက်မှုများ ဆိုင်ရာ အက်ဥပဒေ ( Essential Supplies and Services Act, 1947 ) ပုဒ်မ ဂ အရ ပြစ်မှုများ။

(င) ၁၉၄၇ ခုနှစ်၊ ဝင်ကုန်ထွက်ကုန်ကြီးကြပ်ရေး (ယာယီ) အက်ဥပဒေ [Control of Imports and Exports (Temporary) Act, 1947] ပုဒ်မ ၅ အရ ပြစ်မှုများ။

[၁](စ) ရာဇသတ်ကြီးအရ၊ သို့တည်းမဟုတ် အခြားတည်ဆဲ တရားဥပဒေအရ၊ ပြည်သူ့ပစ္စည်းနှင့်စပ်လျဉ်းသည့် ပြစ်မှုအားလုံး၊ သို့တည်းမဟုတ် အဆိုပါပြစ်မှုများ ကျူးလွန်ရာတွင် တစိတ်တဒေသဖြင့် ဆက်စပ်ဖြစ်ပွါးသောအခြားပြစ်မှုများ။

[၁](ဆ) အထက်ပါ အပိုဒ် (က) တွင်၊ သို့တည်းမဟုတ် အပိုဒ် (ခ) တွင်၊ သို့တည်းမဟုတ် အပိုဒ် (ဂ) တွင်၊ သို့တည်းမဟုတ် အပိုဒ် (ဃ) တွင်၊ သို့တည်းမဟုတ် အပိုဒ် (င) တွင်၊ သို့တည်းမဟုတ် အပိုဒ် (စ) တွင် ဖေါ်ပြထားသည့်ပြစ်မှုကို ကျူးလွန်ရန်အားထုတ်သည့်၊ သို့တည်းမဟုတ် အားပေးကူညီသည့်ပြစ်မှု။

[၂](ဇ) ၁၉၄၉ ခုနှစ်၊ အထွေထွေရောင်းခွန် အက်ဥပဒေ၊ ၁၉၄၇ ခုနှစ်၊ ပွဲခွန်တော် အက်ဥပဒေ (Entertainment Tax Act, 1947)၊ ၁၉၄၉ ခုနှစ်၊ ရောင်းဝယ်လုပ်ကိုင်မှုဥပစာခွန် အက်ဥပဒေ၊ ၁၉၄၉ ခုနှစ်၊ ဟော်တယ်နှင့်ပျော်ပွဲစားရုံခွန်အက်ဥပဒေ၊ ၁၉၂၂ ခုနှစ်၊ အမြတ်တော်ခွန်အက်ဥပဒေ (Income-Tax Act, 1922)၊ ၁၈၇၈ ခုနှစ်၊ ပင်လယ်အကောက်တော် အက်ဥပဒေ (Sea Customs Act, 1878)၊ ၁၉၄၇ ခုနှစ်၊ နိုင်ငံခြားငွေလဲလှယ်မှု စည်းမျဉ်းသတ်မှတ်ရေးအက်ဥပဒေ (Foreign Exchange Regulation Act, 1947)၊ ၁၉၄၇ ခုနှစ်၊ ဝင်ကုန်ထွက်ကုန်ကြီးကြပ်ရေး (ယာယီ) အက်ဥပဒေ [Control of Imports and Exports (Temporary) Act, 1947] နှင့် ၁၉၄၇ ခုနှစ်၊ အရေးကြီးသော ကုန်ပစ္စည်းများနှင့် ဆောင်ရွက်မှုများဆိုင်ရာ အက်ဥပဒေ (Essential Supplies and Services Act, 1947) များအရ၊ စီမံခန့်ခွဲဆောင်ရွက်ရာ၌ ပြည်ထောင်စုအစိုးရ၏၊ သို့တည်းမဟုတ် ဒေသန္တရအဖွဲ့များ၏၊ သို့တည်းမဟုတ် အက်ဥပဒေအရဖွဲ့စည်းသည့် အဖွဲ့များ၏ ဘဏ္ဍာတော်ကို၊ သို့တည်းမဟုတ် အခွန်တော်ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ထိခိုက်နစ်နာစေမည့် ပစ္စည်းနှင့်ဖြစ်စေ၊ ကုန်စည်နှင့်ဖြစ်စေ၊ ငွေနှင့်ဖြစ်စေ၊ တန်ဘိုးရှိသော အာမခံစာချုပ်နှင့်ဖြစ်စေ စပ်လျဉ်း၍ ကျူးလွန်သည့် ရာဇသတ်ကြီးအရ ပြစ်ဒဏ်ထိုက်သင့်သောပြစ်မှုများ။

[၃](ဈ) အထူးစုံစမ်းစစ်ဆေးရေးဌာနက စုံစမ်းစစ်ဆေး၍ အမှုစစ်ဆေးစီရင်ရန် ရုံးသို့တင်ပို့သည့်ရာဇသတ်ကြီးပုဒ်မ ၄၀၅၊ ၄၁၅ နှင့် ၄၆၃ များ၌ဖေါ်ပြထားသော အဓိပ္ပါယ်တွင် အကျုံးဝင်သောပြစ်မှုများ။

---

[၁] ၁၉၅၁ ခု၊ ဒီဇင်ဘာလ ၃၁ ရက်နေ့စွဲပါ ပြည်ထဲရေးနှင့်သာသနာရေးဌာန ပြန်တမ်းအမှတ် ၇၆၁၊ (မြန်မာနိုင်ငံပြန်တမ်း၊ ၁၉၅၂ ခု၊ အပိုင်း ၁၊ စာမျက်နှာ ၄၀) အရ ထည့်သွင်းသည်။

[၂] ၁၉၅၂ ခု၊ ဇန္နဝါရီလ ၁၄ ရက်နေ့စွဲပါ ပြည်ထဲရေးနှင့် သာသနာရေးဌာန ပြန်တမ်းအမှတ် ၂၄၊ (မြန်မာနိုင်ငံပြန်တမ်း၊ ၁၉၅၂ ခု၊ အပိုင်း ၁၊ စာမျက်နှာ ၅၄) အရ ထည့်သွင်းသည်။

[၃] ၁၉၅၂ ခု၊ ဇန္နဝါရီလ ၂၃ ရက်နေ့စွဲပါ ပြည်ထဲရေးနှင့်သာသနာရေးဌာန ပြန်တမ်းအမှတ် ၄၈၊ (မြန်မာနိုင်ငံပြန်တမ်း၊ ၁၉၅၂ ခု၊ အပိုင်း ၁၊ စာမျက်နှာ ၁၀၁) အရ ထည့်သွင်းသည်။

## ဇယား ၂။

(ပုဒ်မ ၃ ကိုကြည့်။)

ကျွန်ုပ်________________သည်၊ အထူး စုံစမ်း စစ်ဆေးမှု အုပ်ချုပ်ရေး အဖွဲ့ ဥက္ကဋ္ဌ / ဝင် ၏ တာဝန်အလုပ်ဝတ်တရားများကို၊ ရိုးသား ဖြောင့်မတ် တည်ကြည် မှန်ကန်စွာ မျက်နှာကြီးငယ် မရှုယ်မထောက်၊ ဆန္ဒာ၊ ဒေါသာ၊ ဘယာဂတိများသို့မလိုက်၊ ကိုယ်စွမ်းရှိသမျှ၊ ဉာဏ်စွမ်းရှိသမျှ ကျေကုန်အောင်ထမ်းရွက်ပါမည်။ ထို့ပြင်ကျွန်ုပ်သည်၊ ပြည်ထောင်စု မြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့်တကွ တရားဥပဒေများကို၊ ထိန်းသိမ်းစောင့်ရှောက်မည်ဟု လေးနက်တည်ကြည်စွာ ကျေညာ၍ ကျမ်းသစ္စာ / ကတိသစ္စာ ဆိုပါသည်။

## ဇယား ၃။

(ပုဒ်မ ၁၂ ကိုကြည့်။)

၁၉၅၁ ခုနှစ်၊ အထူးစုံစမ်း စစ်ဆေးမှု အုပ်ချုပ်ရေး အဖွဲ့နှင့် အထူးစုံစမ်းစစ်ဆေးရေးဌာန အက်ဥပဒေပုဒ်မ ၁၇ ကို၊ ကျွန်ုပ်ဖတ်ရှုပြီးဖြစ်ပါကြောင်း။ ကျွန်ုပ်အား အဆိုပါ အက်ဥပဒေအရ ________________*အဖြစ် ခန့်ထားသည့်အခါ၊ ကျွန်ုပ်သည် အခါခပ်သိမ်း ပြည်ထောင်စု မြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနှင့်တကွ တရားဥပဒေများကို ထိန်းသိမ်း စောင့်ရှောက် ပါမည်။ ထို့ပြင် ပြည်ထောင်စု အစိုးရ၏ အမှုတော်ကိုငှင်း၊ ကျွန်ုပ်အား တရားဥပဒေအရ အပ်နှင်းထားသော အာဏာများနှင့် တာဝန်ဝတ်တရားများကိုငှင်း၊ ရိုးသားဖြောင့်မတ် တည်ကြည်မှန်ကန်စွာ မျက်နှာကြီးငယ် မရှုယ်မထောက်၊ ဆန္ဒာ၊ ဒေါသာ၊ ဘယာ ဂတိများသို့မလိုက်၊ ကိုယ်စွမ်းရှိသမျှ၊ ဉာဏ်စွမ်းရှိသမျှ ကျေကုန်အောင် ထမ်းဆောင်ပါမည်ဟု လေးနက်တည်ကြည်စွာ ကျေညာ၍ ကျမ်းသစ္စာ / ကတိသစ္စာ ဆိုပါသည်။

## ဇယား ၄။

(ပုဒ်မ ၁၂၊ ၁၃ နှင့် ၁၇ ကိုကြည့်။)

________________ကို၊ ၁၉၅၁ ခုနှစ်၊ အထူး စုံစမ်းစစ်ဆေးမှု အုပ်ချုပ်ရေးအဖွဲ့နှင့် အထူးစုံစမ်းစစ်ဆေးရေးဌာန အက်ဥပဒေအရ၊ အထူးစုံစမ်းစစ်ဆေးရေးဌာန ဆိုင်ရာအရာရှိအဖြစ်ခန့်ထားပြီးဖြစ်၍ ________________ အား အထူးစုံစမ်းစစ်ဆေးရေးဌာန ဆိုင်ရာ အရာရှိ၏အာဏာများ၊ အလုပ်ဝတ်တရားများနှင့် အထူးအခွင့်အရေးများကို အပ်နှင်းလိုက်သည်။

* ဤနေရာ၌ခန့်ထားသည့်ရာထူးအဆင့်အတန်းကိုရေးသွင်းပါ။